mgyoe.com

သားသမီးရတနာများအား
မေတ္တာတရားဖြင့် ပြုစုပျိုးထောင်ခြင်း
နည်းလမ်းများ



# မိဘလက်စွဲ


မောင်ဆက်ပိုင်

## Parenting
**Dos and Don'ts**

mgyoe.com

mgyoe.com

"ပြီးပြည့်စုံတဲ့ မိဘဆိုတာ မရှိဘူး
စစ်မှန်တဲ့ မိဘဖြစ်ဖို့ပဲ ကြိုးစားပါ" လို့
စူးအတ်ကင်က ဆိုပါတယ်။
ဒီစာအုပ်က
သင့်ကိုသင် စစ်မှန်စေပြီး
သင့်သားသမီးကိုတော့
ပြီးပြည့်စုံလာအောင် လုပ်ဖို့
နည်းလမ်းကောင်းတစ်ချို့
ပေးပါလိမ့်မယ်။



ISBN 978-99971-2-009-0
A1MSP0003
800 MMK
9 789997 120090 >

mgyoe.com
mgyoe.com

mgyoe.com

**ကလေးတစ်ယောက်ကို ပြုစုပျိုးထောင်ရခြင်းဟာ**
**ပန်းခြံထဲ လမ်းလျှောက်နေရသလောက်ပါပဲ။**
**ဒိုင်နိုဆောတွေအပြည့်ရှိတဲ့ ပန်းခြံ(Jurassic Park)မျိုးပေါ့။**

---

သင့်ကလေးဆီကလည်း အများကြီးသင်ယူစရာတွေ ရှိပါတယ်။ ဥပမာ ဘယ်လောက်ထိ စိတ်ရှည်ရမလဲဆိုတာပါ။

**- ဖရန်ကလင် ပီ ဂျုန်း(စ်)**

---

ကလေးတွေဟာ ကျွန်ုပ်တို့ရဲ့ အနာဂတ်ပါ။ သူတို့ကို သေချာ သွန်သင်ပါ။ လေ့ကျင့်ပျိုးထောင်ပေးပါ။ သူတို့မှာရှိတဲ့ အရည်အချင်းတွေ၊ အလှတရားတွေကို သိမြင်လာနိုင်ပါစေ။

**- ဝှစ်တနေး ဟျူစတန်**

---

မိဘက ကလေးကို ပေးနိုင်တဲ့ အကောင်းဆုံးအမွေအနှစ်ဆိုတာဟာ သူတို့အတွက် အချိန်နည်းနည်းပေးဖို့ပါပဲ။

**- ဒီအေ ဘတ်တစ်စတာ**

mgyoe.com

mgyoe.com

ရောင်းဈေး ၈၀၀ ကျပ်

mgyoe.com

mgyoe.com

# မိဘလက်စွဲ

မောင်ဆက်ပိုင်

mgyoe.com

mgyoe.com

စာမူမူပိုင် နှင့် စာအုပ်ပြင်ဆင်တင်ဆက်ပုံမူပိုင် - အပါးတော်မြဲ
စာအုပ်တိုက်အမှတ်တံဆိပ် - အော်ပီကျယ်

ထုတ်ဝေခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြဲစာပေတိုက်(၀၂၂၉၃)၊
အမှတ် (၇/၈)၊ မြန်မာသီရိလက်ာရာမကျောင်းလမ်း၊ နတ်ချောင်း၊
တာမွေ။
ပုံနှိပ်ခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြဲပုံနှိပ်တိုက်(၀၁၅၀၅)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ကံဘဲ့၊ ရန်ကင်း။
အတွင်းသရုပ်ဖော်ပုံ။ ဘဌေးကြည်

မိဘလက်စွဲ၊ မောင်ဆက်ပိုင်

၆၃ မျက်နှာ၊ ၁၆ စင်တီ× ၁၈ . ၅ စင်တီ

ပထမနှိပ်ခြင်း၊ ၂၀၁၈၊ အောက်တိုဘာလ၊

အုပ်ရေ ၁၀၀၀၊

email: aptmpublishinghouse@gmail.com
www.facebook.com/aptmbookhouse
အမှတ် (၇/၈)၊ မြန်မာသီရိလက်ာရာမကျောင်းလမ်း၊ နတ်ချောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
၀၉ ၉၅၁၃၉၉၅၅၅၊ ၀၉၄၄၁၅၁၅၅၅၉

mgyoe.com

mgyoe.com

# မိဘလက်စွဲ

မောင်ဆက်ပိုင်

# Parenting Dos and Don'ts

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ၊ ပထမနှိပ်ခြင်း။

mgyoe.com

mgyoe.com

အပါးတော်မြဲက တင်ဆက်သည့်

Dos and Don'ts လက်စွဲစာအုပ်များ

ထွက်ရှိပြီး

၁။ အင်တာဗျူး ဆောင်ရန် ရှောင်ရန်
(Interview Dos and Don'ts )

၂။ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်လက်စွဲ
(Entrepreneurs Dos and Don'ts )

ယခု

၃။ မိဘလက်စွဲ
(Parenting Dos and Don'ts)

ဆက်လက်၍

၄။ မန်နေဂျာလက်စွဲ
(Managers Dos and Don'ts)

၅။ ခေါင်းဆောင်လက်စွဲ
(Leaders Dos and Don'ts)

စသည် .... စသည် ...

mgyoe.com

mgyoe.com

# မာတိကာ


၁။ ကြံ့ရည်ဖန်ရည်ရှိမှုကို ပြုစုပျိုးထောင်ပေးရန် ၃

၂။ တာဝန်ယူမှုကို ပြုစုပျိုးထောင်ပေးရန် ၉

၃။ တစ်ဦးအပေါ်တစ်ဦး လေးစားတတ်မှုကို
ပြုစုပျိုးထောင်ပေးရန် ၁၅

၄။ စိတ်ခံစားမှုအတွက်
ခွန်အားဖြစ်စေနိုင်သော နည်းလမ်းများ ၂၂

၅။ တစ်ဦးနှင့် တစ်ဦးအကြား ခိုင်မာသော
ဆက်ဆံရေး တည်ဆောက်တတ်ရန် ၂၇

၆။ အကောင်းမြင်စိတ်အား မွေးမြူပေးပါ ၃၅

၇။ ဆွေးနွေးညှိနှိုင်းခြင်း၊ အသင်းအဖွဲ့ဖြင့်
ပူးပေါင်းဆောင်ရွက်ခြင်း ... ၄၇


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# မိဘလက်စွဲ

■ ကလေးငယ်များအား ပြုစုပျိုးထောင်ခြင်းအတွက် အဓိက အချက် (၅)ချက် ရှိပါတယ်။ (ကလေးများဟာ မိဘတွေကို လေ့လာကြည့်ရှုရင်း သင်ကြားနေတယ်ဆိုတာ သိထားရပါမယ်။)

(၁) ကြံ့ရည်ဖန်ရည်ရှိမှု
(၂) တာဝန်ယူမှု
(၃) တစ်ဦးအပေါ်တစ်ဦး လေးစားတတ်မှု
(၄) တစ်ဦးနှင့်တစ်ဦးအကြား ခိုင်မာသော ဆက်ဆံရေးတည်ဆောက်တတ်မှု
(၅) စိတ်ခံစားမှုအတွက် ခွန်အားဖြစ်စေနိုင်သော နည်းလမ်းများ စသည်တို့ပဲ ဖြစ်ပါတယ်။

mgyoe.com

- အကောင်းမြင်စိတ်ရှိအောင် မွေးမြူပေးပါ။
- ဆွေးနွေးညှိနှိုင်းတတ်ခြင်း၊ အသင်းအဖွဲ့ဖြင့် ပူးပေါင်း ဆောင်ရွက်ခြင်း စသည့်အရည်အချင်းများရရှိရန် လမ်းညွှန်ပေးခြင်းနှင့် စည်းကမ်းချမှတ်ပေးခြင်းတို့ကို အသုံးပြုပါ။
- သင့်ရဲ့ သားသမီးရတနာများအား ခြွင်းချက်မရှိသော အချစ်၊ အကြင်နာမေတ္တာများအပြင် သည်းခံနိုင်ခြင်းဖြင့်လည်း ပြုစုပျိုးထောင်ပါ။

mgyoe.com

mgyoe.com



# (၁)
# ကြံ့ခိုင်ရည်ဖန်ရည်ရှိမှုကို ပြုစုပျိုးထောင်ပေးရန်

mgyoe.com

mgyoe.com



ဖြစ်ပေါ်လာသောအရာ၏
အကြောင်းရင်းကို တိတိကျကျမသိဘဲနှင့်
သင့်ကလေးကိုအပြစ်မတင်ပါနှင့်။

mgyoe.com

mgyoe.com



- ဖြစ်ပေါ်လာသောအရာ၏ အဖြေပေါ်တွင်သာ အာရုံစိုက်ပါ။


- ဖြစ်ပေါ်လာသောအရာ၏ အကြောင်းရင်းကို တိတိကျကျ မသိဘဲနှင့် သင့်ကလေးကို အပြစ်မတင်ပါနှင့်။

- သင့်ကလေးထံမှ မှန်ကန်သောအဖြေမျိုး ရရှိနိုင်မည့် မေးခွန်းများကိုသာ မေးပါ။

- သင့်ကလေး၏ စိတ်နေသဘောထားကို အရင် မမေးမြန်းဘဲ ကိုယ့်သဘောနှင့်ကိုယ် အကြံပေးတာမျိုး၊ ပြဿနာကို ဖြေရှင်းတာမျိုး မလုပ်ပါနှင့်။

mgyoe.com

mgyoe.com



သင့်ကလေး၏ စိတ်ကူးစိတ်သန်းများကို
လက်လွတ်စပယ် မလုပ်မိပါစေနှင့်။

mgyoe.com

mgyoe.com



❖ ဖြစ်ပေါ်လာသော ပြဿနာအတွက် အခြားသော ဖြေရှင်းနည်းများကိုလည်း စဉ်းစားချင့်ချိန်နိုင်စေရန် အားပေးပါ။

❖ မတူညီသော ပြဿနာများအတွက် ဖြေရှင်းနည်း 'တစ်ခုတည်းသာ' ရှိတာပါဟု အဓိပ္ပာယ်သက်ရောက်သော ပြောဆိုခြင်းမျိုး မပြုပါနှင့်။

❖ ဖြစ်နိုင်ချေရှိသော အဖြေများအတွက် သင့်ကလေးနှင့်အတူ ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ပါ။

❖ သင့်ကလေး၏ စိတ်ကူးစိတ်သန်းများကို လက်လွှတ်စပယ် မလုပ်မိပါစေနှင့်။

mgyoe.com

mgyoe.com


# (၂)
# တာဝန်ယူမှုကို ပြုစုပျိုးထောင်ပေးရန်

mgyoe.com

mgyoe.com



❖ သင့်ကလေးကို သင်ပေးထားသော ကတိများ တည်ပါစေ။

❖ ကတိပြုထားသော ကိစ္စများကို မဖောက်ဖျက်မိပါစေနှင့်။

❖ တစ်ပါးသူ၏ ခံစားချက်များကို စာနာ နားလည်ပေးနိုင်အောင် ကြိုးစားပါ။

❖ အလွန်သိ အလွန်တတ်သော ပုံစံမျိုး မပြုမူမိဖို့သည်လည်း အရေးကြီးကြောင်း သင့်ကလေး နားလည်နိုင်ပါစေ။

mgyoe.com

mgyoe.com




ကိုယ့်ကို အခြားသူများက စောင့်ဆိုင်းမနေရပါစေနှင့်။

mgyoe.com

mgyoe.com



❖ အခြားသူများကို ဦးစားပေးပါ။

❖ ကိုယ့်ကို အခြားသူများက စောင့်ဆိုင်းမနေရပါစေနှင့်။

❖ ကိုယ်ကျင့်တရား ကောင်းမွန်နေပါစေ။

❖ မိမိ၏ မမှန်ကန်သော အပြုအမူကို မှန်ကန်ကြောင်း မငြင်းဆိုမိပါစေနှင့်။

mgyoe.com

mgyoe.com


❖ မိမိ၏ မသေချာခြင်းကို ရဲဝံ့စွာ ဝန်ခံပါ။


❖ အရာအားလုံးကို သိနေသလိုမျိုး ဟန်မဆောင်ပါနှင့်။

❖ အစဉ်အမြဲ ဖြောင့်မတ်မှန်ကန်ပြီး ရိုးသားနေပါစေ။

❖ ဟန်ဆောင်ခြင်း၊ လိမ်ညာခြင်း၊ လှည့်ဖြားခြင်းမျိုး မပြုပါနှင့်။

mgyoe.com

mgyoe.com




စိတ်ကူးပေါက်ရာကို

လုံ့လစိုက်ထုတ်ခြင်းမျိုးမလုပ်ရပါ။

mgyoe.com

❖ တကယ်လို့ မိမိ ကျွမ်းကျင်သော အကြောင်းအရာ တစ်ခုကို ဖော်ထုတ်ပြသချင်သည် ဆိုလျှင်တောင် တာဝန်ယူစိတ်ဖြင့်သာ ပြသပါ။

❖ စိတ်ကူးပေါက်ရာကို လုံ့လစိုက်ထုတ်ခြင်းမျိုး မလုပ်ရပါ။

mgyoe.com

mgyoe.com



# (၃)
# တစ်ဦးအပေါ်တစ်ဦး လေးစားတတ်မှုကို ပြုစုပျိုးထောင်ပေးရန်

mgyoe.com

mgyoe.com


❖ လူတိုင်းလူတိုင်းကို လေးစားသမှုဖြင့် ဆက်ဆံပါ။


❖ ဘယ်သူ့ဘယ်သူကိုမှ လှောင်ပြောင်ရယ်မောခြင်း မပြုရ။

❖ သင့်ကလေး ပြောချင်သည့်အကြောင်းအရာကို သူကိုယ်တိုင်သာ ပြောပါစေ။

❖ သင့်ကလေး ဆိုလိုချင်သည့် အကြောင်းအရာကို မသိဘဲနှင့် မိမိလိုရာ ဆွဲမပြောမိပါစေနှင့်။

mgyoe.com

mgyoe.com



ညီအစ်ကို မောင်နှမများ အပါအဝင်

သင့်ကလေးကို အခြားတစ်ဦးတစ်ယောက်နှင့်

မနှိုင်းယှဉ်မိပါစေနှင့်။

mgyoe.com

- သင့်ကလေး ပြောသည်ကို နားထောင်ခြင်းဟာလည်း အရေးကြီးတဲ့ အချက်တစ်ချက်ပါ။

- သင့်ကလေး ဘာတွေစဉ်းစားနေသလဲ၊ သို့မဟုတ် ဘာတွေခံစားနေသလဲဆိုတာကို အလွယ်တကူ ကောက်ချက်မချပါနှင့်။

- ကလေးတစ်ဦးချင်းစီမှာရှိတဲ့ တမူထူးခြားမှုကို အာရုံစိုက် ပါ။

- ညီအစ်ကို မောင်နှမများ အပါအဝင် သင့်ကလေးကို အခြား တစ်ဦးတစ်ယောက်နှင့် မနှိုင်းယှဉ်မိပါစေနှင့်။

mgyoe.com

mgyoe.com



❖ သင့်ကလေးနဲ့ စကားများများ ပြောပေးခြင်းဟာ ကောင်းသော အလေ့အထတစ်ခုပါ။

❖ စိတ်လိုက်မာန်ပါ အော်ဟစ်ခြင်း၊ ငေါက်ငမ်းခြင်း၊ အမိန့်ပေးခြင်းများ မပြုလုပ်မိပါစေနှင့်။

❖ သင့်ကလေးရဲ့ ကိုယ်ပိုင်ကလေးဘဝလေးကို ရရှိပါစေ။

❖ သင့်ရဲ့ ကလေးဘဝကို စံအဖြစ် သတ်မှတ်ပြီး သင့်ကလေးနှင့် နှိုင်းယှဉ်ကာ မသုံးသပ်လိုက်ပါနှင့်။

mgyoe.com